ထီပေါင်းကျေးရွာအုပ်စု၊ လွယ်မောင်း(အောက်)ကျေးရွာ

ပင်လောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစာတမ်း



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ထီပေါင်းကျေးရွာအုပ်စု၊ လွယ်မောင်း(အောက်)ကျေးရွာ၊ ပင်လောင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ (၃၀) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၇
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၈	၈
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၉	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၉
၁၁	ပညာရေး	၉	၁၀
၁၂	ကျန်းမာရေး	၁၀	၁၀
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀	၁၀
၁၄	ကျား-မရေးရာ	၁၁	၁၁
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁	၁၃
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၄	၁၄
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၅	၁၇
၁၈	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၁၈	၁၉
နောက်ဆက်တွဲများ			
၁၉	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၂၀	၂၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်း တာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိ အဖွဲ့စည်းများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် လက်ရှိကျေးရွာနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှလည်း ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်း စွာသိရှိခဲ့ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့
လွယ်မောင်း(အောက်)ကျေးရွာ၊ထီပေါင်းကျေးရွာအုပ်စု
ပင်လောင်းမြို့နယ်


ပင်လောင်းမြို့နယ်၊ လွယ်မောင်း(အောက်)ကျေးရွာ၏ သယံဇာတပြမြေပုံ



ပင်လောင်းမြို့နယ်၊ လွယ်မောင်း(အောက်)ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



ပင်လောင်းမြို့နယ်၊ လွယ်မောင်း(အောက်)ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာအနေအထားနှင့် ပထဝီအနေအထား

လွယ်မောင်း(အောက်)ကျေးရွာသည် ပင်လောင်းမြို့နယ်၏ အရှေ့မြောက်ဘက်(၃/၀)မိုင်ခန့် အကွာတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရ လွယ်ကူသည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာသို့ ကတ္တရာလမ်းဖြင့် သွားလာရမည် ဖြစ်ပြီး လမ်းပန်း ဆက်သွယ်ရေး လွယ်ကူချောမွေ့သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ လွယ်မောင်း(အောက်) ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ ငရုပ်သီး၊ လက်ဖက်၊ ထောပတ် စသည့်သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေး လုပ်ငန်းအနေဖြင့် တပိုင်တနိုင်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်းရှိပါသည်။ ဒေသ၏တစ်နှစ် ပျမ်းမျှ မိုးရေချိန်လက်မ ၅၂.၉၅ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် များစွာ အထောက်အကူပြုသည်။ ကျေးရွာတည်ရှိမှုမှာ တောင်ပေါ်ဒေသဖြစ်ခြင်းကြောင့် မိုးများ၍ အအေးပိုသည့်ဒေသဖြစ်ပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် တောင်စွယ်/တောင်တန်းများ၊ မြောက်ဘက်တွင် ထာဝိကျေးရွာနှင့် အနောက်ဘက် တွင်တောင်တန်း/တောင်စွယ်များရှိပြီး အရှေ့ဘက်တွင် ပင်တလဲ ကျေးရွာရှိပါသည်။

၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

လွယ်မောင်း(အောက်)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ပင်တလဲကျေးရွာ၊ အနောက်ဘက်/ တောင်ဘက် တွင် တောင်စွယ်/တောင်တန်း ရှိပြီး မြောက်ဘက်တွင် ထာဝိကျေးရွာ တည်ရှိပါသည်။ ကျေးရွာ၏ ယာမြေများသည် မြေဆီလွှာကောင်းမွန်မှု အသင့်အတင့် အနေအထားရှိပါသည်။ လက်ဖက်၊ ငရုတ်သီးနှင့်ထောပတ် စသည့်သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်းနှင့် ကျေးရွာအနီးနားတွင် သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။ ဆောက်လုပ်ရေးလုပ်ငန်း အတွက် ကျောက်၊ သဲ များသာထွက်ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ

လွယ်မောင်း(အောက်)ကျေးရွာအတွင်း လူငယ် အဖွဲ့(၁)ဖွဲ့၊ ကျောင်းကော်မတီ၊ မီးလင်းရေး ကော်မတီ၊ လူမှုရေးအဖွဲ့၊ ရေကော်မတီစသည့် အဖွဲ့အစည်းများသာရှိပြီး ကျေးရွာပြင်ပအဖွဲ့အစည်း များနှင့်ချိတ်ဆက်မှုအားနည်းပါကြောင်းတွေ့ရှိရပါသည်။ သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်း အနေဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ နှ.တ.လ ဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ အခြားဌာနဆိုင်ရာ အဖွဲ့အစည်း များအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာရှိပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ (၁၂)စုသည် အဆင်ပြေသောအိမ်ထောင်စု (၁၅)စုသည် အလယ်အလတ်အိမ်ထောင်စု (၁၆)စုသည် ဆင်းရဲသော အိမ်ထောင်စုနှင့် ကျန်(၂၁)စုသည် အလွန်ဆင်းရဲသော အိမ်ထောင်စုများအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အတင့်တင့်အနေအထားရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအား မိုးရာသီအချိန်တွင်သာ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို မိရိုးဖလားအတိုင်းသာ စိုက်ပျိုးကြသောကြောင့် အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမှာ မြက်ရိတ်စက်(၁)လုံး ပိုင်ဆိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေအရင်းအမြစ်မှာ စိမ့်စမ်းရေမှတစ်ဆင့်ရရှိခြင်းကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရန် အဆင်မပြေပါ။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာ စီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ဈေးကွက်မတည်မငြိမ်ခြင်းတို့များ ကြောင့် တောင်သူများအမြတ်ငွေရရှိမှုမှာ နည်းပါးပါသည်။ အလယ်အလတ်အဆင့်ရှိသော စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် အိမ်ထောင်စုများနှင့် အခြားဆင်းရဲသော အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စား စသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

လွယ်မောင်း(အောက်)ကျေးရွာတွင် တနိုင်တပိုင်မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စု (၃၈)စုရှိပါသည်။ ဒေသကြက်(၉၅)ကောင်ကိုသာ တစ်ပိုင်တစ်နိုင်မွေးမြူကြပြီး အခြားသော ဒေသနွားး၊ ကျွဲ၊ ဒေသဝက်တွေကို မွေးမြူထားခြင်းမရှိပါ။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် အိမ်ထောင်စုများမရှိပါ။ ကုန်းမြင့်ဒေသဖြစ်သောကြောင့် စားကျက်မြေများမရှိခြင်း၊ ချေးငွေအခက်အခဲ၊ ဈေးကွက်မရှိခြင်း၊ နည်းပညာနှင့် သွင်းအားစုများရရှိမှု အခက်အခဲများတို့ကြောင့် မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ရန် စိတ်အားထက်သန်မှု နည်းပါးသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

လွယ်မောင်း(အောက်)ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ ရေအရင်းမြစ်ရှားပါးခြင်း၊ မြေနေရာရရှိမှု အခက်အခဲများတို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် အိမ်ထောင်စုများ မရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

လွယ်မောင်း(အောက်)ကျေးရွာတွင် စီးပွားဖြစ်ထုတ်ကုန်လုပ်ငန်းများမရှိပါ။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် နေ့စားအလိုက် လုပ်အားခပေးချေမှုမှာ အများဆုံး(၁၅၀၀၀)ဖြစ်ပြီး အနည်းဆုံးမှာ (၁၀၀၀၀)ဖြစ်ပါသည်။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၁၇၀၀၀/ကျပ် မှ ၁၅၀၀၀/ကျပ် အထိရပါသည်။ အလုပ်ကြမ်းသမားအဆင့်မှာ ၁၅၀၀၀ မှ ၁၂၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များနှင့် အခြားသောကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချိန် များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခ မှာ (၁၅၀၀၀)မှ (၁၂၀၀၀)ကျပ်အထိရရှိကြပါသည်။ လွယ်မောင်း(အောက်)ကျေးရွာတွင် လုပ်အားခ ရရှိမှုမှာသတ်မှတ်ချက်မှာ ဆောက်လုပ်ရေးလုပ်ငန်းများမှ လွဲ၍အမျိုးသားနှင့်အမျိုးသမီး တူညီစွာ ရရှိကြပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဘက်စုံသုံးဆပ်ပြာပြုလုပ်နည်း စသော အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှုနည်းပါးခြင်းတို့ကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုများတွင် အခွင့်အလမ်းနည်းပါး ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လွယ်မောင်း(အောက်)ကျေးရွာမှ တောင်သူများသည် ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ချိတ်ဆက်မှုအားနည်းပါသည်။ ငွေကြေးအခက်အခဲများ ဖြစ်ပေါ်ပါက ချေးငွေပေးချေးသူနှင့် မိဘဆွေမျိုးများထံ၌သာ ချေးယူကြပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ကျေးရွာ၏ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာတွင်းလမ်းများအားလုံးသည် ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းများ ဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် ရေတိုက်စားမှုကြောင့် သွားလာရအခက်အခဲ အနည်းငယ်ရှိပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကိုရယူသုံးစွဲကြပါသည်။ ဆက်သွယ်ရေးနှင့်ပတ်သက်ပြီး ဖုန်းလိုင်း၊အင်တာနက်လိုင်း အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် မိမိကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျှက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်တတ်ကြပါသည်။

၆။ ပညာရေး

လွယ်မောင်း(အောက်)ကျေးရွာ၏ ပညာရေးကဏ္ဍသည် အခြေခံပညာမူလတန်းအဆင့်ရှိပြီး စာသင်ကျောင်းဆောင်လုံလောက်မှုရှိပါသည်။ ကျေးရွာရှိ ကျောင်းသား/ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားရာနိုင်ရေးအတွက် အခြေခံပညာ အလယ်တန်းကျောင်းအဆင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ရန်အတွက် မိဘ/ဆရာများ အနေဖြင့် အထူးလိုလားနေကြပါသည်။

အလယ်တန်း/အထက်တန်းပညာရေးကို ပင်လောင်းမြို့ပေါ်ရှိ စာသင်ကျောင်းများသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားဦးရေ(၁၀)ဦး၊ အလယ်တန်း(၃)ဦးနှင့် အထက်တန်း(၁)ဦး ရှိပြီး တက္ကသိုလ်/ကောလိပ် အဆင့်တက်ရောက်သူမရှိသေးပါ။ အတန်းပညာပြီးမြောက်မှု အနေဖြင့် ကျေးရွာလူဦးရေ၏ မူလတန်းအဆင့် (၁၁%) ၊ အလယ်တန်းအဆင့်(၁၀%)ဦး၊ အထက်တန်းအဆင့် (၄%)ဦးနှင့် တက္ကသိုလ်/ကောလိပ်ဘွဲ့ရ(၃%)ရှိပြီး စာမတတ်သူ(၁%)ရှိပါသည်။ ရွာသူရွာသားများအား လုံးနီး ပါး စာရေး/စာဖတ်တတ်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကျောင်း မဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင် ပညာရေးနှင့် ပတ်သတ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။

၇။ ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေး ဆိုင်ရာအရေးပေါ်ကိစ္စရပ်များအတွက် ပင်လောင်းမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါ သည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ် ဆေးထိုးနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် စိမ့်စမ်းရေ ကို သောက်သုံးကြပါသည်။ အိမ်ထောင်စု(၆၄)စုလုံး ယင်လုံအိမ်သာများသုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာများကို စနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရလွယ်ကူပါသည်။ ရာသီ အကူးအပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှောဖြစ်ပွားမှုများရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများ မရှိပါ။ ရန်ဖါရန်ခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြားသော ဘေးအန္တရာယ် ကျရောက်မှုများမရှိပါ။ ယခုအခါတွင် မိုးရာသီတွင် မိုးကြီးခြင်းကြောင့် မြေပြိုမှုများဖြစ် ပေါ်လျက်ရှိပါသည်။ ကျေးရွာတွင် ငရုတ်၊ လက်ဖက်နှင့် ထောပတ် စိုက်ခင်းများ တွင် ဖျက်ပိုးရောဂါများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ် မြေဩဇာများ သုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးပျက်စီး၍ အထွက်နှုန်းကျ ဆင်းလာပါသည်။ တောင်သူများအနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြား လာ ခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုအားနည်းခြင်းနှင့် အသိပညာဗဟုသုတများသိရှိမှု အားနည်းခြင်းတို့များကြောင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ/ဟောပြောပွဲများကို နှစ်စဉ်နှစ်တိုင်းဌာနဆိုင်ရာအဖွဲ့များ၊ ပြင်ပ အဖွဲ့အစည်းများ ကျင်းပပြုလုပ်ပေးနိုင်မည်ဆိုပါက ကျေးရွာအတွက်များစွာအကျိုးရှိပါသည်။

၉။ ကျား/မရေးရာ

လွယ်မောင်း(အောက်)ကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊မအရေ အတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့် အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် နေ့ တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်း များတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။ ကျေးရွာတွင် အမျိုးသမီးအကြမ်းဖက်မှုများ၊ လူကုန်ကူးမှုစသည့် များဖြစ်ပွားမှု မရှိပါ။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

လွယ်မောင်း(အောက်)ကျေးရွာ၏ နှစ်အလိုက် ဦးစားပေးအစီအစဉ်များကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် ကြိုက်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးကျင်းပပြုလုပ်၍ စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြင်တွင်း/ ပြင်ပ အဖွဲ့အစည်းများနှင့် အခြားသော အေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ နှစ်အလိုက် ဘတ်ဂျက်များတွင် လျာထား ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ကျေးရွာ လူထုများမှ ဆက်လက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အစည်းအဝေးတွင် အများသဘောတူညီ သတ်မှတ်ထားသော နှစ်အလိုက်ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉
၁	စိမ့်စမ်းအမြင့်တင်ရေပိုက်သွယ်တန်းခြင်း ပေ(၃၃၀၀)၊ ဂါလံ(၅၀၀၀)ဆံ့ရေကန်	၁	√				

၂	ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ပေ(၃၀၀၀)	၂	√	√			
၃	ကျေးရွာအဝင်မြောက်ဘက် မြေထိန်းနံရံ ပြုပြင်ခြင်း(၁၀၀၀' ×၅'× ၁၂')	၃	√	√			
၄	ကျေးရွာဘက်စုံသုံးခန်းမဆောင်တည် ဆောက်ခြင်း (၄၀**' x** ၂၀**' x** ၁၀**')**	၄		√	√	√	√
၅	မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက် ခြင်း(Type-2)တစ်ယူနစ်	၅		√	√	√	√
၆	ကျေးရွာစာသင်ကျောင်း တည်ဆောက်ခြင်း (၈၀' ×၂၅' ×၁၂')	၆		√	√	√	√
၇	အိမ်တိုင်ရာရောက် ရေမီတာ တပ်ဆင်ခြင်း ပေ(၅၀၀၀)	၇		√	√	√	√

၁၁။ လွယ်မောင်း(အောက်)ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	စိမ့်စမ်းအမြင့်တင်ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ပေ(၃၃၀၀)။ ဂါလံ(၅၀၀၀)ဆံ့ရေကန်	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၃၀၀၀)	၁၀	၁၀	၁၀	၁၀	၉	၄၉	၂
၃	ကျေးရွာအဝင်မြောက်ဘက် မြေထိန်းနံရံ ပြုပြင်ခြင်း (၁၀၀၀' ×၅'× ၁၂')	၈	၁၀	၁၀	၈	၁၀	၄၈	၃
၄	ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း (၄၀' **x** ၂၀' **x** ၁၀')	၈	၈	၈	၈	၈	၄၀	၄
၅	မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခြင်း(Type-2) တစ်ယူနစ်	၇	၇	၇	၇	၇	၃၅	၅
၆	ကျေးရွာစာသင်ကျောင်း တည်ဆောက်ခြင်း (၈၀' ×၂၅' ×၁၂')	၆	၆	၆	၆	၆	၃၀	၆
၇	အိမ်တိုင်ရာရောက် ရေမီတာ တပ်ဆင်ခြင်း ပေ(၅၀၀၀)	၅	၅	၅	၅	၅	၂၅	၇

၁၂။ လွယ်မောင်း(အောက်)ကျေးရွာကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်ပန်းစိန်	ဦးအိန္ဒြာ	၁၃/ပလန(နိုင်)၀၄၅၆၂၁	ဥက္ကဋ္ဌ	
၂	ဦးခွန်ကျော်လှ	ဦးစိန်မောင်	၁၃/ပလန(နိုင်)၀၉၀၅၆၇	အတွင်းရေးမှူး	
၃	ဦးခွန်သန်းထိုက်	ဦးလွန်း	၁၃/ပလန(နိုင်)၁၀၄၃၇၅	ဘဏ္ဍာရေးမှူး	
၄	ဒေါ်နန်းနီနီအောင်	ဦးကြည်ဝင်း	၁၃/ပလန(နိုင်)၁၃၂၅၈၀	စာရင်းကိုင်	
၅	ဦးခွန်မောင်ဖြူ	ဦးဖိုက်	၁၃/ပလန(နိုင်)၁၉၈၂၇၁	အဖွဲ့ဝင်	
၆	ဒေါ်နန်းစိုးစိုး	ဦးသန်းဆွေ	၁၃/ပလန(နိုင်)၁၂၃၃၃၆	အဖွဲ့ဝင်	
၇	ဒေါ်ခင်သန်းရီ	ဦးထွန်းရီ	၁၃/ပလန(နိုင်)၀၇၈၇၇၄	အဖွဲ့ဝင်	

၁၃။ လွယ်မောင်း(အောက်)ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်ပန်းစိန်	ဦးအိန္ဒြာ	၁၃/ပလန(နိုင်)၀၄၅၆၂၁	ဥက္ကဋ္ဌ	
၂	ဦးခွန်ကျော်လှ	ဦးစိန်မောင်	၁၃/ပလန(နိုင်)၀၉၀၅၆၇	အတွင်းရေးမှူး	
၃	ဒေါ်နန်းနီနီအောင်	ဦးကြည်ဝင်း	၁၃/ပလန(နိုင်)၁၃၂၅၈၀	စာရင်းကိုင်	

၁၄။ စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- လွယ်မောင်း(အောက်)ကျေးရွာ
ကျေးရွာအုပ်စု	- ထီပေါင်းကျေးရွာအုပ်စု
မြို့နယ်	- ပင်လောင်းမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
စီမံချက်အမည်	- **စိမ့်စမ်းရေ ရေပိုက်(၃၃၀၀')ပေသွယ်တန်းခြင်းနှင့်ဂါလံ(၅၀၀၀)ဆံ့ရေစုကန် ဆောင်ရွက်ခြင်းလုပ်ငန်း**

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျွန်တော်တို့ကျေးရွာသည် လက်ရှိသောက်သုံးရေကို စိမ့်စမ်းရေကိုသာ အဓိက သောက်သုံးပြီး ရေထွက်မှ ကျေးရွာသို့ (၁)လက်မ ပိုက်ဖြင့် ကိုယ်ထူကိုယ်ထသွယ်တန်းထားပါသည်။ ကျေးရွာရေထွက်သို့ ရောက်ရှိမှုမှာ အားကောင်းသော်လည်း ကျေးရွာမှ ရေပိုက်သွယ်တန်းခြင်းမရှိသည့် အတွက် တစ်နှစ်ပတ်လုံးရေသုံးစွဲနိုင်ရန် အခက်အခဲရှိပါသည်။ နွေရာသီအချိန်တွင် ရေရှားပါးခြင်း၊ သောက်သုံးရေးမဖူလုံခြင်းတို့ကြောင့် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ နာရေးကိစ္စရပ်များတွင် အခက်အခဲရှိပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

VDP စီမံကိန်းဖြင့် ကျေးရွာရေပိုက်သွယ်တန်းခြင်းလုပ်ငန်း တည်ဆောက်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာမှ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းကို ဆောင်ရွက်ရန်အတွက်လည်း ကျေးရွာသူ/သားများကိုယ်တိုင် ရွေးချယ်အတည်ပြုထားပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

VDP စီမံကိန်းဖြင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးရွာ၏ ရေဖူလုံစွာသောက်သုံးနိုင်ခြင်း၊ပညာရေး၊ကျန်းမာရေးအတွက် လိုအပ်သော သန့်ရှင်းသောသောက်သုံးရေအား ဖူလုံစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ကျေးရွာမှ သာရေး/နာရေး ကိစ္စများ ဆောင်ရွက်ရာတွင်လည်း ရေဖူလုံမှုရရှိနိုင်မည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)

VDP စီမံကိန်းထောက်ပံ့ငွေဖြင့် ရေပေးရေးလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာမှ ပြည်သူ/သားများမှ လုပ်အားနှင့်ငွေအားများကိုလည်း တတ်နိုင်သလောက် ထည့်ဝင်၍ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၅၀၀၀၀၀၀/-(ငွေသား) • ၅၀၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၃၉	၁၃၂	၂၇၁	၁၂	၁၅	၁၆	၂၁	၆၄
အကျိုးခံစားမည့်သူ ဦးရေ	၁၃၉	၁၃၂	၂၇၁	၁၂	၁၅	၁၆	၂၁	၆၄
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂၂ - ၁၀-၂၀၂၄
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၁-၁၂-၂၀၂၄
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများသည် စီမံကိန်းမဆောင်ရွက်မီ ကျေးရွာသူ/သားများအား အစည်းအဝေးခေါ်ယူ၍ VDP ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းသွားမည်ဖြစ်ပြီး ကျေးရွာသူ/သားများကိုလည်း လုပ်အားနှင့်ငွေကြေး အင်အားများ ထည့်ဝင်နိုင်ရေး စည်းရုံးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သည့်ရန်ပုံငွေများရရှိရေးအတွက်ကျေးရွာမှ သက်ဆိုင်ရာကော်မတီတစ်ရပ်ပြန်လည်ဖွဲ့စည်း၍ အဆိုပါကော်မတီထံသို့ လုပ်ငန်းစနစ်တကျအပ်နှံသွားမည်ဖြစ်ကြောင်း နှင့် ကော်မတီမှ ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သည့် ရန်ပုံငွေများရရှိရေး ဆက်လက်စည်းရုံးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၅။ လွယ်မောင်း(အောက်) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	နွေရာသီချိန်တွင် ရေအခက်အခဲရှိခြင်း	တစ်နှစ်ပတ်လုံးရေလုံလောက်မှုမရှိခြင်း	စိမ့်စမ်းရေထွက်ရှိခြင်း၊ကျေးရွာမှ လုပ်အားနှင့်ငွေကြေးအနည်းငယ်ထည့်ဝင်နိုင်ခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	စိမ့်စမ်းအမြင့်တင်ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ပေ(၃၃၀၀)၊ဂါလံ(၅၀၀၀)ဆံ့ရေကန်
၂	ထုတ်ကုန်များသယ်ယူပို့ဆောင်ရာတွင် အခက်အခဲရှိခြင်း	ကျေးရွာတွင်း လမ်းပျက်စီးခြင်း	ကျေးရွာမှ အိမ်ထောင်စု(၆၄)စုရှိပြီး ၊ စိုက်ပျိုးရေးလုပ်ငန်းအလားအလာကောင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၃၀၀၀)
၃	ကျေးရွာတွင်း အန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း	မြေထိန်းနံရံပျက်စီးခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာအဝင်မြောက်ဘက်မြေထိန်းနံရံ ပြုပြင်ခြင်း (၁၀၀၀' ×၅'× ၁၂')
၄	ကျေးရွာဘုံပစ္စည်းများထားသိုရန်နေရာမရှိခြင်း၊ အများအစည်းအဝေးကျင်းပရန် နေရာမရှိခြင်း	ကျေးရွာပိုင်ခန်းမဆောင်မရှိခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊ မြေနေရာရှိခြင်း၊ ကျေးရွာမှ ငွေကြေး အနည်းငယ်ထည့်ဝင်နိုင်ခြင်း	သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း (၄၀' x ၂၀' x ၁၀')
၅	ချေးငွေအခက်အခဲရှိခြင်း	အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိမှု မရှိခြင်း	ကျေးရွာမှ အိမ်ထောင်စု(၆၄)စုရှိပြီး၊ စိုက်ပျိုးရေးလုပ်ငန်းအလားအလာကောင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်း(Type-2) တစ်ယူနစ်

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၆	ကလေးငယ်များစာသင်ရန်နေရာအခက်အခဲရှိခြင်း	စာသင်ကျောင်းဆောင်အိုဟောင်းခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊ မြေနေရာရှိခြင်း	သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာစာသင်ကျောင်းတည်ဆောက်ခြင်း (၈၀' × ၂၅' × ၁၂')
၇	နွေရာသီချိန်တွင်ရေအခက်အခဲရှိခြင်း	တစ်နှစ်ပတ်လုံးရေလုံလောက်မှုမရှိခြင်း၊ရေကိုစနစ်တကျသုံးစွဲစေခြင်း	စိမ့်စမ်းရေထွက်ရှိခြင်း၊ကျေးရွာမှ လုပ်အားနှင့်ငွေကြေးအနည်းငယ်ထည့်ဝင်နိုင်ခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်ခြင်း ပေ(၅၀၀၀)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်		စုစုပေါင်း
					ကျား	မ	
၁ နှစ် အောက်	နို့စို့အရွယ်	၂	၂	၄			
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၉	၁၆			
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၁၃	၃၁			
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၉	၆	၁၅			
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၉၉	၈၈	၁၈၇	၂	၁	၃
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၁၄	၁၈			
စုစုပေါင်း		**၁၃၉**	**၁၃၂**	**၂၇၁**	**၂**	**၁**	**၃**
စုစုပေါင်း အိမ်ထောင်စု		**၆၄**					

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ လွယ်မောင်း(အောက်)ကျေးရွာတွင် လူဦးရေ စုစုပေါင်း ကျား/မ (၂၇၁)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သော ကျား/မ ဦး ရေမှာ(၁၈၇)ဦးရှိပြီး၊ (၁၅)နှစ်မှ (၆၄)နှစ်အထိ မသန်စွမ်းသူ ကျား(၂)ဦး၊ မ(၁)ဦး စုစုပေါင်း(၃)ဦးရှိပါသည်။ ကျေးရွာတွင် အိမ်ခြေ (၆၄)နှင့် အိမ်ထောင်စု (၆၄)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၆၄	၂၆၆	၆	၇	၁၃	၈	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ဝန်ထမ်း							နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၆၄	၂၆၆	၆	၇	၁၃	၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -“**စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သည့် လူဦးရေ(၈)ဦးသာရှိကြောင်လေ့လာတွေ့ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၁၅၀၀၀	၁၂၀၀၀	၁၀၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၇၀၀၀		၁၅၀၀၀	၁၂၀၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးလုပ်ငန်းများ ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား သတ်မှတ်မှုမှာ ကျား/မအလိုက် လုပ်အားခသတ်မှတ်နှုန်း ကွာဟမှုရှိပြီး အခြားသော ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်းများတွင်လည်း ကျား/မ အလိုက် လုပ်အား ခသတ်မှတ်မှုနှုန်းထားများ ကွာဟမှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၂၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၄၅	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၃၆၉**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် လယ်မြေပိုင်ဆိုင်မှု မရှိကြောင်း လေ့လာတွေ့ရှိ ရပြီး ယာမြေ/တောင်ယာမြေနှင့် ဥယျာဉ်ခြံမြေများကိုသာ အသင့်အတင့်ပိုင်ဆိုင်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးနားတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ထွက်ရှိမှု မရှိပါ။ ကျေးရွာအနီးအနားတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ကျောက်နှင့် သဲများကို အလွယ်တကူရယူအသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၂	၁၅	၁၆	၂၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနှင့် ဥစ္စာဓန သတ်မှတ်ချက်တွင် အဆင်ပြေသော အိမ်ထောင်စု(**၁၂**)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(**၁၅**)စု၊ မပြေလည်သောအိမ်ထောင်စု(၁၆)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၁) စုရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက်			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
ဝမ်းစာဖူလုံမှု			အထောက်အပံ့ယူ = _____ ချေးယူ = _____ _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လ ကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လ အထိဝမ်းစာဖူလုံမှု	၁၁	၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____၄_____ ချေးယူ = _____ ၅_____ လုပ်အားခကြိုယူ = _____၂_____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ခက်ခဲသော အိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှုအတွက် ချေးငွေရယူခြင်းများပြီး လုပ်အားခကြိုယူခြင်း အနည်းငယ်သာရှိကြောင်း နှင့် အထောက်ပံ့ယူမှုမှာ အိမ်ထောင်စု (၄)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၁		၁
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲ သည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော အသက်(၅၀)နှစ်အမျိုးသား တစ်ဦးရှိပြီး ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၁)စုနှင့် မုဆိုးမ/တစ်ခုလပ်အိမ်ထောင်စု(၂)စု ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေနှင့် ဘေးအန္တရာယ် လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ			
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်	နိမ့်
၁	မြစ်ရေကြီးမှု							

၂	ရေကြီးခြင်း	✔					✔	
၃	မုန်တိုင်း							
၄	ဆူနာမီ							
၅	တိုင်ဖွန်းမုန်တိုင်း							
၆	လေဆင်နာမောင်း							
၇	ငလျင်							
၈	အပူလွန်ကဲခြင်း	✔					✔	
၉	စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှု							
၁၀	အအေးလွန်ကဲခြင်း		✔		✔			
၁၁	မိုးသီးမုန်တိုင်း							
၁၂	မိုးခေါင်ခြင်း	✔					✔	
၁၃	တောမီးလောင်ခြင်း	✔					✔	
၁၄	မြစ်ကမ်းပါးပြိုခြင်း	✔					✔	
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✔					✔	
၁၆	မြေပြိုခြင်း		✔		✔			
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**				
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✔		✔			
၁၈	သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ ရေ)		✔		✔			
၁၉	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း		✔		✔			
၂၀	သစ်တောပြုန်းတီးခြင်း		✔		✔			
၂၁	၄က်ဖျားရောဂါ		✔		✔			
၂၂	တီဘီရောဂါ	✔			✔			
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✔			✔			
၂၄	ကူးစက်ရောဂါ	✔			✔			
၂၅	ပြည်တွင်း ပဋိပက္ခ	✔			✔			
၂၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	✔			✔			
၂၇	လူကုန်ကူးခြင်း	✔			✔			
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေး ခက်ခဲခြင်း စသည်		✔		✔			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် တောင်စောင်းတွင်တည်ရှိသဖြင့် မိုးရာသီချိန်တွင် မြေပြိုကျခြင်းများ အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✔					✔
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု		✔		✔		
၃	ဆင်းရဲသားတောင်သူ		✔		✔		
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	✔					✔
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✔					✔
၆	မတော်တဆမှု ဖြစ်နိုင်ချေများသော နေရာတွင် နေထိုင်သူများ	✔					✔
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	✔					✔
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		✔		✔		
၉	ငါးကန်ပိုင်ရှင်များ	✔					✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ		✔		✔		
၁၁	လူနည်းစုလူမျိုးများ	✔					✔
၁၂	ဒေသတွင်း ပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	✔					✔
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	✔					✔
၁၄	ရွှေတွင်းလုပ်သားများ	✔					✔
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	✔					✔
၁၆	နေရပ်ပြန် အခြေချသူများ	✔					✔
၁၇	ရွှေ့ပြောင်းလုပ်သားများ	✔					✔
၁၈	ကားမောင်းပြီး အသက်မွေးသူများ		✔		✔		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူငယ်/အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု နှင့်မိသားစု/ရပ်ရွာစောင့်ရှောက်မှုမရှိသောအိမ်ထောင်စုသည် ထိခိုက်သက်ရောက်မှု အမြင့်ဆုံး ခံစားရနိုင်ပါသည်။ ကျေးရွာအနေဖြင့် ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ ဆောင်ရွက်ထားရှိမှု အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၁၅	၂၀	၃၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၃		၃	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မီးလင်းရေး ကော်မတီ	၁☐ ၂☑ ၃☐	၅		၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ညံ့ ☐
၄	ရေကော်မတီ	၁☐ ၂☑ ၃☐	၄	၃	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	လူမှုရေးအဖွဲ့	၁☑ ၂☐ ၃☐	၈		၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၆		၁☐ ၂☐ ၃☑	၈		၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းပေါင်း (၅)ဖွဲ့ရှိပါသည်။ အဆိုပါ အဖွဲ့များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ချိတ်ဆက်မှုအားကောင်းလျက်ရှိပြီး ရပ်ရေး/ရွာရေးပေါ်ပေါက်လာပါက ကျေးရွာ ရပ်မိ/ရပ်ဖများ နှိုးဆော်မှုဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ပြင်ပအဖွဲ့အစည်းအနေဖြင့် ကျေးရွာသို့ ဖွံ့ဖြိုးရေးလုပ်ငန်း လာရောက်ဆောင်ရွက်ပေးခြင်းမရှိပါသဖြင့် ကျေးရွာမှ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းပါကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၇	၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၀	၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၀	၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၅၇**	**၇**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၇)စုရှိပြီး မြေယာမဲ့အိမ်ထောင်စု မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐	☐ မရှိ☐ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက်☐ မဖြေဆိုပါ☐	
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

